# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၆)
## ၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
## (၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်ရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ထ) အခြေပစ္စည်း ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် -

(၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ (က) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။

(ခ) ပုဒ်မခွဲ(က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။

(ဂ) စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ပြီး စည်းကြပ်ရမည် -

(၁) ပုဂ္ဂိုလ်စုအတွက်ဖြစ်လျှင် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက်ဖြစ်လျှင် -

(ကက) အခြေခံခွင့်ပြုငွေ၊

(ခခ) အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ၊

(ဂဂ) အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊

(ဃဃ) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ငွေစုဆောင်းခြင်း အတွက် ထည့်ဝင်ငွေ။

ခြွင်းချက်။ ပုဒ်မခွဲ(က) နှင့် (ဂ) တို့သည် ပုဒ်မ ၁၃ အရ အခြေခံပစ္စည်းမှ မြတ်စွန်းငွေအပေါ် တွက်ချက်ခြင်းနှင့်သော်လည်းကောင်း၊ ပုဒ်မ ၂၆ ပါ ပြည်ပနေ နိုင်ငံခြားသားနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

(ဃ) ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက်မပိုစေရ။

ရှင်းလင်းချက်။ ပုဒ်မခွဲ(ဃ)ပါ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၏ နောက်တွင် အောက်ဖော်ပြပါ ရှင်းလင်းချက်ကို ဖြည့်စွက်ရမည် -

ရှင်းလင်းချက်။ ဤပုဒ်မခွဲ(က)ပါ လိမ်လည်လိုသော ရည်ရွယ်ချက်ဆိုသည့် စကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် -

(၁) စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသည်ကို သိရှိပါလျက် ထိုဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊

(၂) ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီး

ဌာနနှင့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများက ဝင်ငွေကြေညာလွှာ၊ အရှုံးအမြတ်စာရင်းအပါအဝင် စာရင်းဇယားများ၊ စာရွက်စာတမ်းအထောက်အထားများကို စာဖြင့် တောင်းခံသည့်အခါ ယင်းသို့ တောင်းခံစာတွင် သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ၊ တိုးမြှင့်ပေးထားသည့်အချိန်အတွင်းဖြစ်စေ ပေးပို့ရန်ပျက်ကွက်ခြင်း သို့မဟုတ် မမှန်ကန်သော စာရင်းများ၊ စာချုပ်စာတမ်းနှင့် အခြားစာရွက်စာတမ်းများကို တင်ပြခြင်း။

(ပုံ)
သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ